AROMA
ဝိညာဉ်ရေးရာစာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.calvaryburmese.com

February 2008 အတွဲ ၅၊ အမှတ် ၂။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဧဝံဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)

Aroma
လေးနှစ်ပြည့်
မွေးနေ့

ယခုလဖတ်စရာ

– အဆုံးအဖြတ်ပေးသောဆုတောင်းခြင်း
– နေဗုခဒ်နေဇာမင်းကြီး၏အိမ်မက်
– ဆုတောင်းခြင်း၏တန်ခိုး

ဝိညာဉ်ရေးအကြံပေး
သိက္ခာတော်ရဆရာစောလယ်ထူး

အယ်ဒီတာအဖွဲ့

ဦးကမ် (**ထုတ်ဝေရေး**)
**ukamaroma@gmail.com**
သောင်းနိုး (**ကွန်ပြူတာစာတည်း**)
**thawngnoaroma@gmail.com**

ကွန်ပြူတာစာစီ

မတင်လေးခိုင်(နယူးယောက်)
မစိမ်းလဲ့ခိုင်(နယူးယောက်)

ဆက်သွယ်ရန်လိပ်စာ

3401 Sudlersville South
Laurel, MD 20724
thawngnoaroma@gmail.com
Tel: 301-776-6820

# အဆုံးအဖြတ်ပေးသောဆုတောင်းခြင်း

''ထိုအခါ အာမလက်လူတို့သည်လာ၍ ရေဖိဒိမ်အရပ်၌ ဣသရေလ လူတို့ကို စစ်တိုက်ကြ၏။ မောရှေကလည်း၊ လူတို့ကိုရွေး၍ အာမလက် လူတို့ကို စစ်တိုက်ခြင်းငှါ ထွက်လော့။ နက်ဖြန်နေ့၌ ဘုရားသခင်၏ လှံတံကို ကိုင်လျက်၊ တောင်ထိပ်ပေါ်မှာ ငါရပ်နေမည်ဟု ယောရှုအား ဆို၏။ မောရှေမှာလိုက်သည်အတိုင်း ယောရှုပြု၍၊ အာမလက်လူတို့ကို စစ်တိုက်လေ၏။ မောရှေ၊ အာရုန်၊ ဟုရတို့သည် တောင်ထိပ်ပေါ်သို့ တက်ကြ၏။ မောရှေသည် လက်ကိုချီသောအခါ၊ ဣသရေလ လူတို့သည် နိုင်ကြ၏။ လက်ကိုချသောအခါ၊ အာမလက်လူတို့သည် နိုင်ကြ၏။ သို့ရာတွင် မောရှေ၏လက်သည် ညောင်းသောကြောင့်၊ သူတို့သည် ကျောက်ကိုယူ၍ မောရှေကို ထိုင်စေပြီးလျှင်၊ အာရုန်နှင့် ဟုရတို့သည် တယောက်တဘက်နေ၍ သူ၏လက်ကို မကြ၏။ သို့ဖြစ်၍ နေဝင်သည် တိုင်အောင် သူ၏လက်တို့သည် အမြဲနေလေ၏။ ယောရှုသည်လည်း အာမလက်မင်းနှင့် လူများတို့ကို ထားလက်နက်ဖြင့် လုပ်ကြီလေ၏'' (ထွက် ၁၇း၈–၁၃)။

ဣသရေလနှင့် အာမလက်လူတို့၏ စစ်တိုက်ခြင်းအကြောင်းကို တွေ့ရပါသည်။ ယောရှုက ဓားနှင့်တောင်အောက်မှာ အာမလက် လူများနှင့်တိုက်ခိုက်နေပြီး မောရှေကတောင်ပေါ်မှာ လှံကိုကိုင်၍ လက်မြှောက်ထားပါသည်။ အမှန်တကယ်တိုက်ပွဲဝင်နေတာ ယောရှုဖြစ်သော်လည်း မောရှေလက်ကျရင် တိုက်ပွဲရှုံးပြီး မောရှေ လက်မြှောက်ထားမှ တိုက်ပွဲနိုင်ပါသည်။ ထိုဖြစ်ရပ်ကို ဖတ်ကြည့်လျှင် တိုက်ပွဲ၏ အဆုံးအဖြတ်က မောရှေ၏လက်မြှောက်ခြင်းမှာ ရှိနေပါသည်။

''တိုက်ပွဲရဲ့ အဆုံးအဖြတ်က တောင်ပေါ်မှာ ရှိပါသည် . . .''

''တိုက်ပွဲရဲ့အဆုံးအဖြတ်ကလက်မြှောက်ခြင်းမှာရှိပါသည် . . .''

''တိုက်ပွဲရဲ့အဆုံးအဖြတ်က ဆုတောင်းခြင်းမှာ ရှိပါသည် . . .''

ချစ်စွာသောမိတ်ဆွေ (Life is battle field) လို့ လူတွေပြောသော စကားပုံရှိပါသည်။ ဘဝဆိုတာ တိုက်ပွဲပါပဲ။ ယနေ့ သင့်ဘဝတိုက်ပွဲရဲ့ အဆုံးအဖြတ်က ဆုတောင်းခြင်းမှာရှိပါသည်။ ယောရှုကဓားနှင့်ရင်ဆိုင်တိုက်သလို သင်လက်တွေ့လုပ်ဆောင်ရမည့်အပိုင်းတွေလည်း ဘဝမှာရှိပါသည်။ ဥပမာ

God answers Knee-Mail

တရားဟောဆရာဖြစ်လျှင် တရားဟောရမည်။ သို့သော် တန်ခိုးပါသော လူ၏အသက်တာကို ပြောင်းလဲစေသော တရားဟောချက်များဖြစ်ဖို့ တရားဟောဆရာ ၏ ဆုတောင်းခြင်းက အရေးကြီးပါသည်။ တရားဟောချက်အများစုမှာ စာဖတ်ခန်းထဲကထွက်လာပါသည်။ ဆုတောင်းခြင်းမှလာသော တရားဟောချက်များမဟုတ်ပါ။ ထို့ကြောင့် နားထောင်ကောင်းပါသည်။ သို့သော် ဝိညာဉ်ရေးရာအကျိုးမဖြစ်ပါ။ ထိုနည်းတူ ယနေ့ ယုံကြည်သူအများစု သဘောမပေါက်သည်မှာ ဆုတောင်းခြင်းသည် ဝိညာဉ်လူအတွက် ရေသောက်ခြင်းဆိုသည့် အချက်ဖြစ်ပါသည်။

ဣသရေလနှင့် အာမလက်လူတို့ စစ်ပွဲတွင် မောရှေ၏တောင်ပေါ်မှ ဆုတောင်းခြင်းက အဆုံးအဖြတ်ဖြစ်ပါသည်။

''ဝိညာဉ်နှင့်ဇာတိတို့၏တိုက်ပွဲတွင်လည်း သင်၏ဆုတောင်းခြင်းက အဆုံးအဖြတ်ဖြစ်ပါသည်။''

''ယနေ့ သင့်အသက်တာ၏ အရာခပ်သိမ်းအတွက် ဆုတောင်းခြင်းက အဆုံးအဖြတ်ဖြစ်ပါသည်။''

''စာဖတ်သူမိတ်ဆွေ ဆုတောင်းသောသူဖြစ်ပါစေ။''

ယနေ့များစွာသော ယုံကြည်သူများ ဆုတောင်းခြင်းအကြောင်းကို နားလည်သော်လည်း ဆုမတောင်းကြပါ။

ယနေ့များစွာသော ယုံကြည်သူများ ကျမ်းစာဖတ်သော်လည်း ဆုတောင်းခြင်းအားနည်းကြသည်။

သမ္မာကျမ်းစာမှ ဆုတောင်းသောသူများကို ကြည့်ပါ။ နေဟမိ၊ ဒံယေလ၊ ဒါဝိဒ်မှစ၍ သခင်ယေရှုအားလို့ ဆုတောင်းခြင်းမဟုတ်ပါမိတ်ဆွေ။

ယနေ့ မအားလို့ ဆုမတောင်းနိုင်သူများ . . .

ယနေ့ ဆုတောင်းခြင်းမရှိသော အသင်းတော်များ . . .

ယနေ့ ဆုတောင်းခြင်းမရှိသောမိသားစုများ .

ယနေ့ ဆုတောင်းခြင်းအားနည်းသော အမှုတော်ဆောင်များစွာကို ဝမ်းနည်းစရာတွေ့ရပါသည်။

''ချစ်စွာသောမိတ်ဆွေ ဆုတောင်းခြင်း အားမနည်းပါစေနှင့်''

''ချစ်စွာသောမိတ်ဆွေ ဆုတောင်းခြင်းအားကြီးသော အသင်းတော်နှင့် မိသားစုဖြစ်ပါ။''

## ဒံယေလ၏ဆုတောင်းခြင်း

''အမိန့်တော်ထုတ်၍ တံဆိပ်ခတ်ကြောင်းကို ဒံယေလသည် ကြားသိသော်လည်း မိမိအိမ်သို့ သွား၍ ယေရုရှလင်မြို့သို့ မျက်နှာပြုရာအထက်ခန်း ပြတင်းပေါက်ဖွင့်လျက်ပင် အထက်ပြုလေ့ရှိသည်အတိုင်း တစ်နေ့သုံးကြိမ် ဒူးထောက်လျက် ဘုရားသခင်ကို ဆုတောင်း၍ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလေ၏'' (ဒံ ၆း၁၀)။

ဒံယေလဟာ ခြင်္သေ့တွင်းထဲချခံရမဲ့ သတင်းကို ကြားသောအခါ အိမ်ပြန်လာပြီး ဒူးထောက်ဆုတောင်းပါတယ် . . . ဟာလေလုယာ . . .

ဒံယေလဟာ လူတွေဆီမှာ ဒူးမထောက်ပါဘူး။ ဘုရားသခင်ရှေ့မှာ ဒူးထောက်သောသူဖြစ်ပါတယ်။

စာရေးသူနှစ်သက်တဲ့ ကျမ်းစကားက ''အထက်ပြုလေ့ရှိသည်အတိုင်း'' ဆိုတာပါ။ ဒံယေလ အမြဲတမ်းလုပ်နေကျ၊ နေ့စဉ်လုပ်နေကျဖြစ်ပါတယ်။

ယခုမှ အရေးကြီးလို့ ပြေးလာပြီး ဒူးထောက်ဆုတောင်းတာ မဟုတ်ပါဘူးမိတ်ဆွေ။

ယနေ့ ယုံကြည်သူများက ပြဿနာရှိမှ အကြီးအကျယ် ဆုတောင်းကြပါသည်။ ဝမ်းနည်းစရာပါ။

ဒံယေလက ဝန်ကြီးချုပ်ဖြစ်ပါသည်။ စဉ်းစားကြည့်ပါမိတ်ဆွေ။ သင်နှင့် ဒံယေလ မည်သူတာဝန်ပိုကြီးပြီး မည်သူက အလုပ်ပိုများပါသနည်း။

ဒံယေလကျမ်းစာကို ဖတ်ကြည့်လျှင် သူ၏ဘဝအစမှာ သူများတိုင်းပြည်ကို စစ်သို့ပန်းအဖြစ်နှင့် ရောက်လာခြင်းပါ။ စစ်သို့ပန်း ဒံယေလသည် နောင်တချိန်တွင် ဝန်ကြီးချုပ် ဒံယေလဖြစ်လာပါသည်. . . ဟာလေလုယ . . .

ဝန်ကြီးချုပ်ဘဝမှာလည်း တနေ့သုံးကြိမ် သူ၏ဆုတောင်းခြင်းကို မပျက်ကွက်စေပါ။

ဒံယေလသည် ဆုတောင်းခြင်းဖြင့် အသက်တာကို တည်ဆောက်လာသောသူဖြစ်ပါသည်။

ဒံယေလသည် ခြင်္သေ့တွင်းထဲ ကျသွားသော်လည်း ခြင်္သေ့အကိုက် မခံရပါ။ ဆုတောင်းခြင်းဖြင့် အသက်တာကို တည်ဆောက်ထားသောကြောင့် ဖြစ်ပါသည်။

''သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သော ခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟု၍ လှည့်လည်ရှာဖွေလျက်ရှိ၏'' (၁ ပေ ၅း၈)။

ယုံကြည်သူများ၏ ရန်သူတည်းဟူသော မာရ်နတ်က ခြင်္သေ့ကဲ့သို့ ကိုက်စားဝါးမျိုဖို့ရန် ချောင်းမြောင်းနေပါသည်။ လောကကြီးထဲမှာ ကျွန်ုပ်တို့ အသက်ရှင်နေခြင်းသည် ဒံယေလ ခြင်္သေ့တွင်းထဲရောက်နေသလိုပါပဲမိတ်ဆွေ။ သင်မသိပေမဲ့ သင်မမြင်ပေမဲ့ သင့်ကို ကိုက်စားဝါးမျိုဖို့ရန် ချောင်းမြောင်း နေသော ခြင်္သေ့တွေရှိနေပါသည်။ ထိုဘေးအပေါင်းမှ ကင်းလွတ်ရန် သင်၏ အသက်တာကို ဆုတောင်းခြင်းဖြင့် တည်ဆောက်ထားပါ။

## နေဟမိ၏ဆုတောင်းခြင်း

နေဟမိမှတ်စာသည် (The book of pray) ပင် ဖြစ်သည်။ နေဟမိ၏ ဆုတောင်းခြင်းနှင့် အစပြုပြီး နေဟမိ၏ ဆုတောင်းခြင်းနှင့် အဆုံးသတ်ထားပါသည်။

နေဟမိသည် အစဉ်သဖြင့် ဘုရားသခင်ကို ကိုးစားသောစိတ်နှင့် ဆုတောင်းကြောင်းတွေ့ရပါသည်။

နေဟမိသည်လည်း ထိုတိုင်းပြည်ကို စစ်သို့ပန်းဘဝနှင့် ရောက်လာပါသည်။ သို့သော် ဆုတောင်းသော နေဟမိကို ဘုရားသခင်က ရှင်ဘုရင်၏ ဖလားတော်ဝန်အဖြစ် ချီးမြှောက်ခြင်းခံရပါသည် (နေ ၁း၁၁)။

(နေ ၁း၁) တွင် ခိသလုလ ဟုဖော်ပြထားပါသည်။ ထိုအချိန်တွင် နေဟမိသည် သူ၏ ယေရုရှင်လင်မြို့ပျက်စီးနေသည့် သတင်းကိုကြားရပြီး သူ၏တိုင်းပြည်နှင့်လူမျိုးအတွက် မျက်ရည်ကျပြီး အစာရှောင်ပြီး ဆုတောင်းသည်။

နေဟမိအစာရှောင်မျက်ရည်ကျပြီး ဆုတောင်းခြင်းမှာ သူ၏ ကိုယ်ကျိုးအတွက် မဟုတ်ပါ။ နေဟမိမှာ ရှင်ဘုရင်၏ဖလားတော်ကိုင်ဖြစ်နေသောကြောင့် အားလုံးအဆင်ပြေပါသည်။

ယနေ့ အချို့သောသူများ မိမိကိုယ်ကျိုး၊ မိမိအတ္တအတွက် အစာရှောင် ဆုတောင်းနေကြသည်။

ဝမ်းနည်းစရာပါ။

မိမိကိုယ်ကျိုးအတွက်အတွက် အစာရှောင်ခြင်းသည် ဘုရားသခင်ရှေ့မှာ အစာငတ်ခံဆန္ဒပြနေခြင်းနှင့်တူပါသည်။

ချစ်စွာသောမိတ်ဆွေ နေဟမိသည် သူ၏တိုင်းပြည်နှင့် လူမျိုး အတွက် ဆုတောင်းသလို သင်လည်း သင်၏ လူမျိုးနှင့် တိုင်းပြည်အတွက် ဝန်တာစိတ်နှင့် ဆုတောင်းပေးရမည်။

(နေ ၂း၁) သို့ရောက်သောအခါ နိသန်လဟု ဖော်ပြထားရာ (နေ ၁း၁) ခိသလုလမှ စတွက်လျှင် (၄) လခန့်ကြာသွားပြီဖြစ်ပါသည်။ နေဟမိသည် (၄) လခန့် အကြီးအကျယ် ဆုတောင်းနေကြောင်း သိရပါသည်။ ထိုသို့ ဆုတောင်းခြင်း၏အကျိုးနှင့် တန်ခိုးကိုလည်း အံ့သြဘွယ်ရာ ခံစားရကြောင်း ကျမ်းစာမှ ဖော်ပြထားပါသည်။

ရှင်ဘုရင်ကိုယ်တိုင်က နေဟမိ ''ဘာကြောင့် မျက်နှာ မသာယာတာလဲ'' ဟု မေးခွန်းမေးလာသည်။ နေဟမိက ယေရုရှလင်မြို့ပျက်စီးနေကြောင်းနှင့် သူပြန်သွားပြီး ပြုစုချင်ကြောင်း အခွင့်တောင်းသောအခါ ရှင်ဘုရင်က အခွင့်ပေးလေသည်။

အခွင့်ပေးသည်သာမက လမ်းခရီးအတွက် လိုအပ်သော အမိန့်တော်စာနှင့် သစ်အတွက် အမိန့်တော်စာကိုလည်း ဘုရင်ထံမှရထားပါသည်။ ဟာလေလုယ။

''ရှင်ဘုရင်၏စိတ်နှလုံးသည် ရေချောင်းကဲ့သို့ဖြစ်၍ ထာဝရဘုရား၏ လက်တော်၌ရှိသဖြင့် အလိုတော်ရှိသည်အတိုင်းလှည့်စေတော်မူ၏''(သုတ္တံ ၂၁း၁)။

နေဟမိသည် ရန်သူဝိုင်းနှောင့်ယှက်နေသည့်ကြားမှပင် ယေရုရှလင် မြို့ရိုးတည်ဆောက်ခြင်းအမှုကို (၅၂) ရက်နှင့် လက်စသတ်လေသည်။ ''အရက် ငါးဆယ်နှစ်ရက်ကြာမှ ဧလုလ လနှစ်ဆယ့်ငါး ရက်နေ့တွင် မြို့ရိုးကို လက်စသတ်ကြ၏'' (နေ ၆း၁၅)။

''ထိုသိတင်းကို ရန်သူတို့သည်ကြား၍ ပါတ်လည်ဝန်းကျင်၌နေသော တပါးအမျိုးသားအပေါင်းတို့သည် မြို့ရိုးကိုမြင်သောအခါ ရှက်ကြောက်ခြင်းသို့ ရောက်ကြ၏။ အကြောင်းမူကား ထိုအမှုသည် ငါတို့၏ ဘုရားသခင်အခွင့်နှင့် ပြီးကြောင်းကိုရိပ်မိကြ၏'' (နေ ၆း၁၆)။

နေဟမိက သူ့မြို့ရိုးပြီးသွားတာ ဘုရားသခင်ကြောင့်လို့ ပြောပါတယ်။ ဘုရားသခင်က နေဟမိမြို့ရိုးတည်ဆောက်ခြင်းမှာ အကူအညီပေးပါတယ်။ ဖန်ဆင်းရှင်ဘုရားသခင် ကူညီတော့ နေဟမိ သက်သာတာပေါ့။ ဘုရားသခင် ကူညီလို့သာ (၅၂) ရက်နဲ့ ပြီးသွားတာပါ။

ချစ်စွာသောမိတ်ဆွေ နေဟမိ (၄) လ ဆုတောင်းခဲ့ပါတယ်။ များများ ဆုတောင်းခဲ့လို့ အလုပ်က လွယ်လွယ်နဲ့ပြီးသွားတာပါ။

''များများဆုတောင်းရင် နည်းနည်းဘဲ လုပ်ရမယ်။''

''နည်းနည်းဆုတောင်းရင် များများလုပ်ရပါလိမ့်မယ်။''

''ချစ်စွာသောမိတ်ဆွေ သင်ဘယ်လိုဆုတောင်းမလဲ ၊ ''

အဓိပ္ပါယ်ကတော့ သင်များစွာဆုတောင်းရင် ဘုရားသခင် လုပ်ဆောင်ပေးခြင်းတွေ များများ ခံစားရမယ်။ သင် အနည်းငယ်ဘဲ ဆုတောင်းရင် ဘုရားသခင် လုပ်ဆောင်ပေးခြင်း အနည်းငယ်ပဲ ခံစားရပါလိမ့်မယ်။

**သခင်ယေရှု၏ဆုတောင်းခြင်း**

''နံနက်အချိန် မိုဃ်းမလင်းမှီ ကိုယ်တော်သည် ထပြီးလျှင် တောအရပ်သို့ထွက်ကြွ၍ ဆုတောင်းတော်မူ၏'' (မာ ၁း၃၅)

ဘယ်သူလဲ – သခင်ယေရှု

ဘယ်အချိန်လဲ – နံနက်စောစော

ဘယ်နေရာလဲ – တိတ်ဆိတ်ငြိမ်သက်သော နေရာ

ဘာလုပ်သလဲ – ဆုတောင်းခြင်း

သခင်ယေရှု၏အသက်တာတွင် မနက်စောစောအချိန်ကို ဘုရားသခင်နှင့် အဆက်အသွယ်လုပ်သောအချိန်အဖြစ် သတ်မှတ်ပါသည်။

အိပ်ရာမှထလာပြီး ပထမဦးစားပေးက ဘုရားသခင်ဖြစ်ပါသည်။ (မှတ်ချက်။ ။ အိပ်ခါနီးမဟုတ်ပါ) သခင်ယေရှုက မနက်စောစောမှာ ဘုရားသခင်နှင့် စကားပြောပါသည်။

မိတ်ဆွေ သင်လည်း မနက်ခင်းတိုင်းမှာ ဘုရားသခင်နှင့် စကားပြောပါ။ ဘုရားသခင်က သင့်ရဲ့ ဖခင်ဖြစ်ပြီး သင်က ဘုရား သား၊ သမီးဖြစ်သောကြောင့် ကာရန်တွေ၊ နဘောထပ်တွေ၊ ပါဠိလိုတွေ မပါရင်လည်း ရပါသည်။

သခင်ယေရှုသည် (၃) ရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်လာသည့် မနက်စောစောတွင် မာဂဒလမာရိနှင့်တွေ့သောခါ . . .

''ယေရှုကလည်း ငါ့ကိုမဘက်နှင့်ဦး။ ငါသည် ငါ့ခမည်းတော်ထံသို့ မတက်ရသေး'' (ယော ၂၀း၁၇) ဟု ပြောပါသည်။

မနက်စောစောတိုင်းက သခင်ယေရှုအတွက် ခမည်းတော်ဘုရားသခင်နှင့် စကားပြောသောအချိန် ဟု နားလည်ရပါသည်။

ချစ်စွာသောမိတ်ဆွေ ကျွန်ုပ်တို့အသက်တာတွင်လည်း မနက်ခင်းတိုင်းမှာ ဘုရားသခင်နှင့် စကားပြောသောသူများဖြစ်ဖို့ လိုပါသည်။

သခင်ယေရှုက တစ်နေ့တာကို ဘုရားသခင်နှင့် အစပြုပါသည်။

ချစ်သောမိတ်ဆွေ သင်ဘာနှင့် အစပြုမည်နည်း။

မနက်ခင်းတိုင်းမှာ ဘုရားသခင်နှင့် စကားပြောပြီး သင့်ရဲ့နေ့သစ်ကို အစပြုကြည့်ပါ။ အံ့သြဘွယ်ရာ ဘုရားသခင်၏ကောင်းမြတ်ခြင်းများ ခံစားရပါလိမ့်မည်။ ဤစာကိုဖတ်ခြင်းဖြင့် မိတ်ဆွေရဲ့ဝိညာဉ်ရေးရာအကျိုးရှိပါစေ . . .

ဇော်သူလင်း

# နေဗုခဒ်နေဇာမင်းကြီး၏အိမ်မက်

ဆရာ ဇော်လေး
(George Cin Za Mang)

နေဗုခဒ်နေဇာမင်းသည်နန်းစံ(၂)နှစ်တွင်အိမ်မက်တခုကိုမြင်မက်တော်မူပြီးထိတ်လန့်ခြင်းစိတ်ရှိကာ စက်တော်မခေါ်နိုင်ဖြစ်၍အိမ်မက်တော်ကိုပြန်ပြောစေခြင်းငှါမာဂုပညာရှိဗေဒင်တတ်၊ သူပြုဆရာ၊ ခါလဒဲဆရာတို့ကိုခေါ်စေသော်လည်းမတတ်နိုင်ကြောင်း ဒံယေလအနာဂတ္တိကျမ်းအခန်းကြီး(၂)၌ ကျွန်ုပ်တို့ဖတ်ရှုခဲ့ကြရပေသည်။

နေဗုခဒ်နေဇာမင်းကြီး၏အိမ်မက်အားအနက်ပြန်ပေးရုံမဟုတ်ပဲ၊ မက်သည့်အိမ်မက်အားရှေးဦးစွာဖော်ပြရမည်ဖြစ်သောကြောင့် အထက်ပါပညာရှင်များမှာလူ့အသိဉာဏ်၊ လူ့အစွမ်းဖြင့်မတတ်စွမ်းကြပေ။ထိုအိမ်မက်နှင့်အနက်ကိုမဖော်ပြနိုင်ပါက အပိုင်းပိုင်းစဉ်းခြင်းကို ခံရရုံမက၊ ၎င်းတို့၏အိမ်များကိုလည်း နောက်ချေးပုံဖြစ်စေမည်ဟုဆိုသောအခါ ပို၍ပင်ကြောက်ဒူးတုန်ကြရလေသည်။

သို့သော်နေဗုခဒ်နေဇာမင်းကြီးဖမ်းဆီးခဲ့သော ဂျူးလူငယ်များထဲမှဒံယေလအားဖြင့်ထာဝရဘုရားသခင်သည်ထိုအိမ်မက်ကို၎င်း၊ အိမ်မက်၏အနက်အဓိပ္ပါယ်ကို၎င်း ဖော်ပြကြောင်းတွေ့ရသည်။ ကမ္ဘာ့သမိုင်းတွင် ပေါ်ထွက်လာမည့်အင်ပါယာကြီး(၄)ခုကို၊ တစ်ခုပြီးတစ်ခုဖော်ပြကာနောက်ဆုံးထာဝရဘုရား၏တရားစီရင်မည့်ကာလတိုင်အောင် ဖွင့်ပြခဲ့ခြင်းခြင်းဖြစ်ကြောင်း အံ့သြဘွယ်ရာ တွေ့ရှိရလေသည်။

"အရှင်မင်းကြီး၊ စက်တော်ခေါ်၍မြင်မက်တော်မူသောရူပါရုံဟူမူကား၊ ကိုယ်တော်သည်ကြည့်ရှု၍ရုပ်ထုကြီးကိုမြင်တော်မူ၏။ ထူးမြတ်သောအရောင်အဝါနှင့်ပြည့်စုံ၍၊ ကြီးမြင့်သောထိုရုပ်ထုသည်ကြောက်မက်ဖွယ်သောပုံသဏ္ဍာန်ကိုဆောင်လျက်ကိုယ်တော်ရှေ့၌တည်ရှိ၏။ သူ၏ဦးခေါင်းသည်ရွှေစင်ဖြစ်၏။ ရင်ပတ်နှင့်လက်နှစ်ဖက်သည်ငွေဖြစ်၏။ ဝမ်းနှင့်ပေါင်နှစ်ဖက်သည်ကြေးဝါဖြစ်၏။ ခြေသလုံးနှစ်ဖက်သည်သံဖြစ်၏။ ခြေဖဝါးနှင့်ဖမိုးသည်သံတပိုင်း သရွှတ်တပိုင်းဖြစ်၏။ ကိုယ်တော်သည်ကြည့်ရှုတော်မူစဉ် လက်ဖြင့်မထုလုပ်ဘဲ အလိုလိုဖြစ်သောကျောက်တလုံးသည် သံနှင့်သရွှတ်ဖြစ်သော ရုပ်တု၏ခြေကိုထိခိုက်၍ ချိုးဖဲ့သည်ရှိသော်- သံ၊ သရွှတ်၊ ကြေးဝါ၊ ငွေ၊ ရွှေ တို့သည်ကျိုးပဲ့ကြေမွလျက်၊ နွေကာလ၌ကောက်နယ်တလင်း အမှုန့်ကဲ့သို့ဖြစ်သဖြင့် လေတိုက်လွင့်၍ သူတို့နေစရာမရှိ၊ ပျောက်လေ၏။ ရုပ်ထုကိုထိခိုက်သော ကျောက်မူကား၊ တိုးပွါးသဖြင့်တောင်ကြီးဖြစ်၍ မြေကြီးတပြင်လုံးကိုဖုံးလွှမ်းသည်ဟု မြင်မက်တော်မူ၏။"

" ယခုတွင်အိမ်မက်တော်၏အနက်ကိုဘော်ပြ၍ နားတော်လျှောက်ပါမည်။- အရှင်မင်းကြီးကိုယ်တော်သည် ဘုရင်တို့၏ဘုရင်ဖြစ်တော်မူ၏။ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် နိုင်ငံနှင့်တကွတန်ခိုးအာနုဘော်အစွမ်းသတ္တိဘုန်းအသရေကိုကိုယ်တော်အားပေးတော်မူပြီ။- လူနေရာ၌ရှိသမျှတို့နှင့်မြေကြီးသားတိရစ္ဆာန်၊ မိုယ်းကောင်းကင်ငှက်များတို့ကိုကိုယ်တော်လက်၌အပ်ပေး၍ ကိုယ်တော်သည်အလုံးစုံတို့ကိုအုပ်စိုးရသောအခွင့်ရှိတော်မူ၏။ ကိုယ်တော်သည် ရုပ်ထု၏ရွှေဦးခေါင်းဖြစ်တော်မူ၏။ ကိုယ်တော်နောက်၌ ကိုယ်တော်၏နိုင်ငံလောက် မမြတ်သောနိုင်ငံတခုသည် တည်ထောင်လိမ့်မည်။ ထိုနောက်၊ မြေကြီးတပြင် လုံးကိုအုပ်စိုးသော ကြေးဝါနိုင်ငံတည်းဟူသော တတိယနိုင်ငံတည်ထောင်လိမ့်မည်။ -စတုတ္ထနိုင်ငံသည် သံကဲ့သို့ခိုင်မာသော နိုင်ငံဖြစ်လိမ့်မည်။-သံသည်အခြား သောအရာများကို ချိုးဖဲ့၍ နိုင်သကဲ့သို့၊ စတုတ္ထနိုင်ငံ သည်ချိုးဖဲ့နှိပ်စက်ခြင်းကိုပြုလိမ့်မည်။-ရုပ်တု၏ခြေနှင့်ခြေချောင်းတို့သည် သရွှတ်တပိုင်းသံတပိုင်းရှိသည်ကို မြင်တော်မူသည့်အတိုင်း၊ အချင်းချင်းကွဲပြားသော နိုင်ငံဖြစ်လိမ့်မည်။ သို့သော်လည်း ဖုတ်သောသရွှတ်နှင့်သံရောနှောသည်ကိုမြင်တော်မူသည်ဖြစ်၍၊ သံသည်ခိုင်မာခြင်းသတ္တိ ရှိလိမ့်မည်။-ခြေချောင်းတို့သည်သံတပိုင်း သရွှတ်တပိုင်းဖြစ်သည်နှင့်အညီ၊ ထိုနိုင်ငံသည်ခိုင်မာခြင်းနှင့်၎င်း၊ ကျိုးပဲ့ခြင်းနှင့်၎င်း ဆက်ဆံလိမ့်မည်။-ဖုတ်သောသရွှတ်နှင့် သံရောနှောသည်ကိုမြင်တော်မူသည်နှင့်လျော်စွာ၊ နိုင်ငံသားတို့သည်အခြားသော လူမျိုးသားတို့နှင့် ပေါင်းဘော်ကြလိမ့်မည်။ သို့သော်လည်း သရွှတ်နှင့်သံ မရောနှောနိုင်သကဲ့သို့သူတို့သည် အချင်းချင်းပေါင်းဘော်၍ မသင့်နိုင်ကြ၊ လက်နှင့်မထုမလုပ်ဘဲ ကျောက်တလုံးသည် တောင်ပေါ်ကအလိုလိုပဲ့ကွာ၍ သံ၊ ကြေးဝါ၊ သရွှတ်၊ ငွေ၊ ရွှေတို့ကို ချိုးဖဲ့သည်ကို မြင်တော်မူသည်အကြောင်းအရာမှာ ပျက်ဆီးခြင်းသို့မရောက်နိုင်သောနိုင်ငံတခုကိုထိုမင်း ကြီးများလက်ထက်၌ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် တည်ထောင်စေတော်မူမည်။ ထိုနိုင်ငံသည် အခြားသောလူမျိုးလက်သို့မရောက်ရဘဲ၊ အထက်ဆိုခဲ့ပြီးသောနိုင်ငံရှိသမျှတို့ကို ချိုးဖဲ့ဖျက်ဆီး၍အစဉ်အမြဲ တည်လိမ့်မည်။ ထိုသို့နောင်၌ဖြစ်လတံ့သော အရာတို့ကိုကြီးမြတ်တော်မူသောဘုရားသခင်သည် အရှင်မင်းကြီးအား ကြားပြောတော်မူ၏။ အိမ်မက်တော်ရွေ့လျော့ခြင်းမရှိ၊ အနက်သည်လည်းမှန်ပါ၏ဟု ဒံယေလ သည်အထံတော်၌လျှောက်ထား၏" (ဒံယေလ ၂း၃၁-၄၅)။

ကမ္ဘာကြီးအား ရေလွှမ်းမိုးခြင်းမတိုင်မီ တိုင်းနိုင်ငံများအကြောင်းကိုအနည်းငယ်မျှသာသိရသည်။ ရေလွှမ်းမိုးပြီးနောက်မကြာမီ Nimrod ကတိုင်းနိုင်ငံဖြစ်သော Babylon/Nineveh တို့ကိုတည်ထောင်ခဲ့ပြီး၊ အခြားသောတိုင်းပြည်များလည်းပေါ်ပေါက်ခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသတွင်အီဂျစ်၊ ဆီးရီးယား၊ ဘာဘီလုံ၊ Aramean States၊ အစ္စရေးလ်၊ ဖိုနီးရှား နှင့်အခြားတိုးတက်သောတိုင်းနိုင်ငံများရှိခဲ့သည်။ ဘီစီ (၅) ရာစုကုန်ဆုံးသောအချိန်တွင် နေဗုခဒ်နေဇာမင်းကြီးသည် ပထမဦးဆုံးသော တိုင်းနိုင်ငံများ ပေါင်းစည်းသည့် ကမ္ဘာ့အင်ပါယာကြီးတခုကို တည်ထောင်ခဲ့လေသည်။

သမ္မာကျမ်းစာသည်ထိုအချိန်မှစ၍ ကမ္ဘာ့သမိုင်းအား၊ ပရောဖက်ပြုချက်များဖြင့်ဖော်ပြရာတွင်၊ တပါးအမျိုးသားများ၏အုပ်စိုးခြင်းကို နေဗုခဒ်နေဇာမင်းကြီး၏ဘာဘေလုံမှအစပြုကာ၊ သခင်ယေရှုခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းအထိသော်၎င်း၊ ထိုမှတဆင့် အစ္စရေးလ်နိုင်ငံ၏အနာဂါတ်ဖွင့်ပြချက်များပါမကျန် အကုန်အစင်ဖွင့်ပြလျက်ရှိနေပေသည်။

## ရုပ်ထု၏အနက်အဓိပ္ပါယ်

ပထမဦးဆုံးရွှေစင်ဖြင့်ပြသသော ဦးခေါင်းသည် နေဗုခဒ်နေဇာမင်းကြီး၏ နိုင်ငံတော်ဖြစ်သော ခါလာဒဲ အင်ပါယာ (သို့) ဘာဘီလုံအင်ပါယာ ဖြစ်ကာ (ဘီစီ၆၂၅- ၅၃၉)အတွင်းတည်ရှိခဲ့သည်။

ဒုတိယတိုင်းနိုင်ငံမှာ ငွေဖြင့်ဖော်ပြသောရင်ပတ်နှင့် လက်နှစ်ဖက်ဖြစ်ကာ ပါရှန်အင်ပါယာ (သို့) မေဒို-ပါရှား ဖြစ်ပြီး (ဘီစီ ၅၅၈-၃၃၀) အတွင်းရှိခဲ့သည်။

တတိယနိုင်ငံတောကြီးမှာ ကြေးဝါဖြင့်ဖော်ပြသော ဝမ်းနှင့်ပေါင်နှစ်ဖက်ဖြစ်ပြီး ဂရိအင်ပါယာ (သို့) မာစီဒိုးနီးယားဖြစ်သည်။ ကြေးဝါခေတ် (Bronz age) ဟုလည်းသိရှိကြပြီး အလက်ဇန္ဒားသဂရိတ်၏ ဦးဆောင်မှုဖြင့် (ဘီစီ ၃၃၃-၆၃) ထိထင်ရှားခဲ့သည်။

Alexander the Great မှာအသက် (၃၃)နှစ်တွင်သိမ်းပိုက်စရာတိုင်းနိုင်ငံ မကျန်တော့သော

ကြောင့် ငိုခဲ့သူဟု ဆိုစမှတ်ပင်ရှိကြသည်။ သူကွယ်လွန်ပြီးနောက်သူ၏ဗိုလ်ချုပ်များ အာဏာလုတိုက်ခိုက်ကြကာ နောက်ဆုံးသေးငယ်သောအင်ပါယာ ၄ခုအထိ ကွဲပြဲရလေသည်။

စတုတ္ထ နိုင်ငံတော်ကြီးအား သံဖြင့်ဖော်ပြပြီး ခြေသလုံးနှစ်ဖက်ဖြစ်ကာ ရောမအင်ပါယာ (ဘီစီ ၃၁-အေဒီ၄၇၆) အထိတည်တံ့ခဲ့လေသည်။ ကြောက်မက်ဖွယ် ကောင်းသောအင်ပါယာကြီးအဖြစ်ရှိခဲ့ကာ၊ သံကဲ့သို့ပင်အင်အားသည် မာကြောခဲ့ပြီး၊ မည်သူ ထိထိကွဲကြမြဲဖြစ်လေသည်။ ဘီစီ ၆၃ ခုနှစ်တွင် ရောမစစ်ဗိုလ် ချုပ်ပွန်ပေက ဆီးရီးယား နှင့် ပါလက်စတိုင်းကိုကျူးကျော်ပြီး ယေရုရှလင်ကို သိမ်းပိုက်ခဲ့သည်။

အေဒီ ၃၃၀ တွင်ရောမအင်ပါယာနှစ်ခြမ်းကွဲခြင်းကို ခြေနှစ်ချောင်းကပုံဆောင်ပြီး၊ အင်ပါယာအရှေ့ခြမ်းအား အော်သိုဒေါ့များက ကြီးစိုးကာ ကွန်စတန်တီနိုပဲလ် ကိုအခြေပြုကြသည်။ အင်ပါယာအနောက်ခြမ်းမှာ ပုပ်ရဟန်းမင်းကြီးများက ကြီးစိုးကာ ရောမမြို့ကိုအခြေပြုကြလေသည်။

ဖော်ပြပြီးသောအင်ပါယာ (၄) ခုတို့မှာ ကမ္ဘာ့သမိုင်းတွင်အမှန်ရှိကာ ကျမ်းစကားပြည့်စုံခဲ့သော အရာများဖြစ်ကြသည်။

ရုပ်ထု၏ခြေဖဝါးနှင့်ဖမိုးတို့အား သံတပိုင်း၊ သရွှတ်တပိုင်းအဖြစ် ဖော်ပြရာ သံနှင့်ရွှံ့မညီညွတ်ခြင်း သဘောကိုဆောင်လေသည်။ ယခုပစ္စုပန်ကာလသည် ၄င်းခြေဖဝါးနှင့်ဖမိုးတို့၏ ခေတ်ကာလဖြစ်သည်။ အင်္ဂလန်ဖြစ်စေ အမေရိကန်နိုင်ငံဖြစ်စေ၊ လူဖြူနှင့်လူမဲရော နှောကာနေထိုင်ကြသော်လည်း မပေါင်းစည်းနိုင်ကြပေ၊ ခွဲခြားမှုရှိစမြဲသာဖြစ်သည်။

ခြေချောင်း (၁၀) ချောင်းတို့မှာ နောင်တက်လာမည့် မင်း (၁၀) ပါးကိုပြောဆိုခြင်းဖြစ်သည်။ ၁၉၅၈ ခုနှစ် တွင်ဖွဲ့စည်းခဲ့သော European Economic Community (E.C.C) သည် စတင်ဖွဲ့စည်းစဉ်က (၉) နိုင်ငံသာဖြစ်ခဲ့ပြီး အဖွဲ့ဝင်တဖြည်းဖြည်းတိုး လာခဲ့သည်။ (European Common Market) ဟုလည်းလူသိများရာမှယခုအခါ (European Union(E.U.) ဟုထင်ရှားလာပြန်သည်ကို တွေ့ရပါသည်။ ယခုအခါ (၁၁) နိုင်ငံဖြင့် ဖွဲ့စည်းလျက်ရှိရာ နောင်တွင်တိုးလာမည့်အလားအလာ ရှိသော်လည်း ကျမ်းစာပြည့်စုံသောအချိန်တွင် (၁၀) နိုင်ငံသာရှိမည်ဟု နားလည်ရပါသည်။

ယခုခေတ်တွင် တိုင်းနိုင်ငံအများ သဘောပေါက်လာကြသောအရာ (၂) ချက်ရှိသည်။ ပထမတစ်ချက်မှာ တစ်နိုင်ငံတည်းရပ်တည်၍မရဟု သဘောပေါက် နားလည်လာခြင်းဖြစ်ပြီး အဖွဲ့ အစည်းအမျိုးမျိုး ဖွဲ့စည်းလာကြခြင်းဖြစ်သည်။ ( ဥပမာ . . . နက်ဖ်တာ၊ အာဆီယံ၊ အီးယူ စသည်ဖြင့်)

ဒုတိယတစ်ချက်မှာ ယခင်ကလက်နက်အင်အားတောင့်တင်းပါက (Super Power) ဟုခေါ်ရာမှ တကယ့်အင်အားမှာ ငွေကြေး၌ရှိကြောင်း သိလာကြခြင်းဖြစ်သည်။ ထိုငွေကြေးသည်လည်းစီးပွါးရေးမှလာသောကြောင့်စီးပွါးရေးခိုင်မာရန် ထူထောင်ရန် လိုအပ်လာကြောင်း သိမြင်လာခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်များတွင် ညျူကလီယာ လက်နက်တစ်ချက်မျှပစ်စရာမလိုဘဲ အာရှပြဿနာဟုသိကြသော ငွေကြေးပြသနာ၊ စီးပွါးရေးပြဿနာကြောင့် အထိနာသူနာခဲ့ကြသည်။

သို့ဖြစ်သောကြောင့် (E.U) ဟုခေါ်သည့်ဥရောပသမဂ္ဂအဖွဲ့များဖြစ်လာကာ ခိုင်မာသောငွေကြေးအဖြစ် ယူရို (Uro) ငွေကြေးကို ရှေ့တန်းတင်လာကြသည်။ ယခုအခါတစ်ခုတည်းသောငွေကြေးစနစ် (Single Currency) ဖြင့် E.U.သည်ကမ္ဘာ့သမိုင်းတွင် နေရာယူလာပြီဖြစ်သည်။ ထူးခြားချက်မှာ E.U. နိုင်ငံများသည်ယခင်ရောမအင်ပါယာဝင်နိုင်ငံများသာဖြစ်သောကြောင့်၊ အေဒီ ၄၇၆ တွင် ပျက်စီးခဲ့သော ရောမအင်ပါယာသည် ယခုအခါ ပြန်လည် ခေါင်းထောင်လာပြီဖြစ်ကြောင်း သမ္မာကျမ်းစာအရ နားလည်ရပါသည်။

## ဓမ္မသစ်၌ဖွင့်ပြခြင်း

ဓမ္မဟောင်းကာလ၌ ဒံယေလအားဖြင့် ထာဝရဘုရားသခင်ဖော်ပြခဲ့သောအရာသည်၊ ဓမ္မသစ်ကာလ၌ ရှင်ယောဟန်အားဖြင့် ပြန်လည်ဖော်ပြခြင်း ခံရလေသည်(ဗျာ ၁၃း၁-၉)။

ပင်လယ်ထဲက တက်လာသောသားရဲ (The Beast) သည်ကျားသစ်နှင့်တူသည်ဟုဆိုရာ၌ ကျားသစ်သည် ဂရိအင်ပါယာကိုဖော်ပြခြင်းဖြစ်သည်။ အလက်ဇန္ဒားသဂရိတ်၏အမှတ်တံဆိပ်သည်ကျားသစ်ဖြစ်ပြီး၊ ကျားသစ်၏နည်းဗျူဟာဖြစ်သော လျင်မြန်မှုကိုယူကာ တိုင်းနိုင်ငံများကိုသိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

ခြေသည်ဝံခြေဟုဆိုရာ၌ ဝံ( Bear) သည်မေဒို-ပါးရှားအင်ပါယာကို ဖော်ပြသည်။ ဝံ၏သွေးဆာခြင်းကိုပြသည်။

နှုတ် သည်ခြင်္သေ့နှုတ်ဟုဆိုရာ၌ ခြင်္သေ့သည် ဘာဘေလုံအင်ပါယာဖြစ်ကာ ဟောက်သောခြင်္သေ့ကဲ့သို့ ကြမ်းကြုတ်ခြင်းကို ဖော်ပြသည်။

သားရဲမှာရောမအင်ပါယာဖြစ်ပြီး ခေါင်း ၇ လုံးမှာ (၁) တောင် ၇ လုံးပေါ်တွင်တည်ရှိသော ရောမမြို့ (7mountains, the seven hilled City, Seven hills of Rome)

(၂) ရှင်ဘုရင် ၇ ပါး၏အုပ်ချုပ်ပုံအုပ်ချုပ်နည်းကို ဖော်ပြခြင်းဖြစ်သည်။ ဗျာဒိတ်ကျမ်းရေးသားစဉ် ၆ ပါးမြောက်သောမင်းကအုပ်ချုပ်ပြီး၊ သားရဲမှာ လာလတ္တံ့သော ၇ ပါးမြောက်သော မင်းဖြစ်သည်။

ချို (၁၀) ချောင်းမှာမင်း (၁၀) ပါးစုပေါင်းကြခြင်းကို ဖော်ပြသည်။ (ဗျာ ၁၃း၃) တွင် သေအောင်ကွပ်မျက်ပြီးသကဲ့သို့ဖြစ်သော ခေါင်းတစ်လုံးသည် ဒဏ်ချက်ပျောက်လျက်ရှိ၏ဟု ဆိုသောကြောင့် ယခုအခါ အီတလီ (ရောမ)သည် တခုတည်း မဟုတ်တော့ဘဲ ဥရောပသမဂ္ဂ (E.U.) ကိုဖော်ညွှန်းခြင်းဖြစ်ကာ ပြန်လည် ခေါင်းထောင် လာခြင်းဖြစ်သည်။ ငွေကြေး အသစ်နှင့် အတူ ဥရောပသမဂ္ဂ ပေါ်ထွက်လာရာ၊ ထိုဘုံငွေကြေး ပေါ်ထွန်းလာမှုသည်ရောမအင်ပါယာ ခေတ်နောက် ပိုင်းပထမ ဆုံးအကြိမ်ပင်ဖြစ်သည် ဟုသတင်းများက ဖော်ပြလျက် ရှိသည်။ (ဗျာ ၁၇း၈) တွင်ဖြစ်ဘူး၍ ဖြစ်ဆဲမရှိ၊ ဖြစ်လတံ့သောသားရဲသည် ယနေ့မျက်မှောက်ခေတ်တွင် ဖြစ်လတံ့သော (E.U.) ၏ခိုင်မာစွာရပ်တည်မှုဖြင့်မြင်တွေ့ကြရတော့မည်ဖြစ်သည်။ ရောမအင်ပါယာအသွင်တမျိုး ဖြင့်ပေါ်ထွန်းလာခြင်းဖြစ်ကာ ထိုမင်း (၁၀)ပါးတို့ သည် မိမိတို့၏တန်ခိုးအာဏာ သားရဲဟူသော AntiChrist ၏လက်သို့ဝကွက်အပ်ကြမည် ဖြစ်သည် (ဗျာ ၁၇း၁၂-၁၃)။

## နိဂုံး

နေဗုခဒ်နေဇာမင်းကြီးသည် ရုပ်ထုကြီးကိုကြည့်ရှုတော်မူစဉ်၊ လက်ဖြင့်မထုလုပ်ဘဲ အလိုလိုဖြစ်သောကျောက်တစ်လုံးသည် သံနှင့်သရွှတ်ဖြစ်သော ရုပ်ထု၏ခြေကို ထိခိုက်၍ချိုးဖဲ့သည်ဟု (ဒံ ၂း၃-၄) ၌ ဖော်ပြခြင်းသည် ထာဝရဘုရားသခင်၏ တရားစီရင်ခြင်းဖြစ်ရာ သမ္မာကျမ်းစာ၏ နေရာအတော်များများ၌ ယေရှုခရစ်တော်အား ကျောက်အဖြစ်တွေ့ရသည် (၁ပေ ၂း၄-၆၊ ဧ ၂း၂၀-၂၂၊ ၁ကော ၁၀း၄)။

သံ၊ သရွှတ်၊ ကြေးဝါ၊ ငွေ၊ ရွှေ တို့သည်ကျိုးပဲ့ကြေမွလျက် နွေကာလ၌ ကောက်နယ်တလင်းအမှုန့်ကဲ့သို့ဖြစ်သဖြင့်၊ လေတိုက်လွင့်၍ သူတို့နေရာမရှိပျောက်လေ၏။ ရုပ်ထုကိုထိခိုက်သောကျောက်ဟူမူကား၊ တိုးသွားသဖြင့် တောင်ကြီးဖြစ်၍ မြေကြီးတပြင်လုံးကို ဖုံးလွှမ်းသည်ဟုမြင်မက်တော်မူ၏ (ဒံ ၂း၃၅၊ ဗျာ ၉း၁၄)။

ဆရာဇော်လေး
George Cin Za Mang

# ဆုတောင်းခြင်း၏တန်ဖိုး

"နှလုံးသားမှ ညှစ်ထုတ်လာသော (စကား) သည်သာ သူတစ်ပါး၏ နှလုံးသားကို တို့ထိနိုင်ပြီး အသက်ရှင်သော စိတ်ဝိညာဉ်သည်သာ သူတစ်ပါး၏ စိတ်ဝိညာဉ်ကို ထိုးဖောက်နိုင်သည်" (Willian Penn)

"နံနက် (အိပ်ယာထလာသည်နှင့်) နှလုံးသားအတွက် ပြင်ဆင်မှု မပြုဘဲလျက်၊ ဦးနှောက်အတွက်သာ ပိုမိုပြင်ဆင်မှု ပြုတတ်သည်။ ၎င်းသည် ကျွန်တော်၏ မကြာခဏ အမှားဖြစ်ပြီး အထူးသဖြင့် ဆုတောင်းသော အခါအမြဲတမ်း အနှောင့်အယှက်ပြုလေ့ရှိ၏။ ကိုယ်တော်ဘုရား ၎င်း(အကျင့်ဆိုး) ကို ပြုပြင်ပေးတော်မူပါ။ ကျွန်ုပ်နှလုံးသားကို ချဲ့ထွင် (ပဲ့ပြင်) ပေးတော်မူပါလျှင် ကျွန်တော် တရားဟောနိုင် ပေလိမ့်မည်။" (Robert Murray Mc Cheyne)။

"နှလုံးသားမှ စောင့်ယူပြင်ဆင်ခြင်းမရှိဘဲ ခေါင်း (ဦးနှောက်) ဖြင့် ပြင်ဆင်ထားသော တရားဒေသနာသည် တရားနာပရိသတ် အတွက် အာနိသင် ထက်မြက်ခြင်း မရှိချေ။ (Richard Cedcil)

အကြိမ်ပေါင်းများစွာနှင့် ဘက်ပေါင်းစုံမှ ဆုတောင်းပေးခြင်းသည် ပြည့်ဝစွာနှင့် လွတ်လပ်စွာ သမ္မာတရားဟောရန် ပြင်ဆင်နေသော နှုတ်၊ လျှာ၊ ပါးစပ်ကို အကူအညီပေးလျက်ရှိ၏။ တရားဟောဆရာသည် ဆုတောင်းခြင်းကသာ ပြုပြင်ပါသောကြောင့် တရားဟောဆရာကို ဆုတောင်းပေးရန် လိုအပ်သည်။ တရားဟောဆရာ၏ နှုတ်၊ လျှာ၊ ပါးစပ်သည် ဆုတောင်းခြင်းအားဖြင့် ဖြည့်စွက်ဖွင့်ဟရမည်ဖြစ်သောကြောင့် တရားဟောဆရာ၏ နှုတ်၊ လျှာ၊ ပါးစပ် ကိုဆုတောင်းပေးရန် လိုအပ်လှပေသည်။ သန့်ရှင်းသော နှုတ် လျှာ ပါးစပ်သည် ဆုတောင်းခြင်းအားဖြင့်သာ ရရှိနိုင်သည်။ ဆုများများတောင်းခြင်းအားဖြင့်ရရှိသည်။ သတ္တိရှိသော နှုတ် လျှာ ပါးစပ်သည် ဆုတောင်းခြင်းအားဖြင့်သာ ရရှိပါသဖြင့် များစွာဆုတောင်းပေးသင့်သည်။ အသင်းတော်နှင့် ဤလောကဖြစ်စေ၊ ဘုရားသခင်နှင့် ကောင်းကင်ဘုံဖြစ်စေ၊ ရှင်ပေါလု၏ နှုတ် လျှာ၊ ပါးစပ်ကို ကျေးဇူးတင်သင့်သည်။ ရှင်ပေါလုသည်လည်း မိမိ၏နှုတ်လျှာ၊ ပါးစပ်ကို တန်ခိုးရှိစေသော ဆုတောင်းခြင်းကိုကျေးဇူးတင်သင့်သည်။

တရားဟောဆရာအတွက် ဆုတောင်းခြင်းသည် အကန့်အသတ်မရှိ။ တန်ဖိုးဖြတ်၍မရသည့်အပြင် များစွာအကျိုးပြုသည်။ အကျိုးပြုရာ၌လည်း တစ်နည်းတစ်လမ်းတည်းမဟုတ်။ ဘက်ပေါင်းစုံမှ အကျိုးပြုသည်။ အထူးသဖြင့် တရားဟောဆရာ၏ နှလုံးသားကို ကူညီပြုပြင်ပေးလေ့ရှိသည်။

ဆုတောင်းခြင်းသည် တရားဟောဆရာကို နှလုံးသားမှ တရားဟောတတ်သောသူ ဖြစ်စေသည်။ ဆုတောင်းခြင်းသည် တရားဟောဆရာ၏ နှလုံးသားကို တရား၌ အကုန်အစင်သွန်းလောင်းစေနိုင်သည်။ ဆုတောင်းခြင်းသည် တရားဒေသနာကို တရာဟောဆရာ နှလုံးအိမ်၌ အပြည့်အဝသွတ်သွင်းနိုင်သည်။

နှလုံးသားကသာ တရားဟောဆရာအစစ်ကို မွေးထုတ်နိုင်သည်။ ကြီးမားသောနှလုံးသားပိုင်ရှင်များသည် ကြီးမားသော တရားဟောဆရာများ ဖြစ်ကြသည်။ ဆိုးညစ်သော နှလုံးသားသည် အတိုင်းအတာတစ်ခုအထိ ကောင်းသောအရာကို ပြုလုပ်ကောင်း ပြုလုပ်ပေလိမ့်မည်။ သို့သော် ထိုကဲ့သို့ သောအရာသည် နည်း၏။ သူစိမ်း (သို့မဟုတ်) အငှားသိုးကျောင်းသားသည် သိုးများအတွက် ကောင်းသောအရာကို အတိုင်းအတာတစ်ခုအထိ ပြုလုပ်ကောင်း ပြုလုပ်ပေလိမ့်မည်။ သို့သော် သိုးထိန်းအစစ်သည်သာ သိုးထိန်းကောင်း၏ နှလုံးသားအားဖြင့် သိုးများကို ကောင်းကြီးပေးလျက် သိုးခြံအပြည့် တိုးပွားစေပါလိမ့်မည်။

တရားဒေသနာအတွက် အချက်အလက်စုဆောင်းပြင်ဆင်ရေးကို ၎င်းထက်သာ၍ အရေးကြီးသောအရာ မေ့ပစ်ပယ်သည် တိုင်အောင် ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ထိုအရာသည် "နှလုံးသား" ပင်ဖြစ်သည်။ **အသင့်ပြင်ထားသော နှလုံးသားသည် အသင့်ပြင်ထားသော တရားဒေသနာထက် သာ၍အရေးကြီး၏။ အသင့်ပြင်ထားသောနှလုံးသားက တရားဒေသနာကို အသင့်ပြင်လေ့ရှိ၏။**

အချက်ကျကျ တရားဒေသနာ အသေးစိပ်ပြင်ဆင်နည်းစာအုပ်ကို အတွဲများစွာ ရေးသားထုတ်ဝေလျက်ရှိသည်။ ၎င်းသည် ကျွန်တော်တို့အတွက် ကြိုးစင်သဖွယ်ဖြစ်ပါသော်လည်း၊ အိမ်ကြီးသဖွယ် မှီခိုလိုသောစိတ်ရှိတတ်ကြသည်။ တက်သစ်စ တရားဟောဆရာသည် ဦးနှောက်အားဖြင့် ပြုစုရေးသားထားသော ၎င်းစာအုပ်တွဲများကို အားအင်ကုန်ခမ်းသည့်တိုင်အောင် ဖတ်ရှုလေ့လာရန် အကြံပေးခြင်းခံရတတ်သည်။ သို့အားဖြင့် တရားနာပရိသတ်အတွက် အန္တရာယ်ပြုတတ်သော မျိုးစေ့ကိုကြဲကာ၊ ကျေးဇူးတော်အစား လူ၏ပင်ကိုယ်စွမ်းရည်ကို တိုးပွားစေ၏။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရား၊ တရားကိုင်းရှိုင်းခြင်းထက် အပြောကောင်းခြင်း၊ ဗျာဒိတ်တော်ထက် လုပသော စကားလုံးများဖြင့် ရေးသားဟောပြောခြင်း၊ သန့်ရှင်းခြင်းထက် ဂုဏ်သိက္ခာနှင့် လျှမ်းလျှမ်းတောက်သောသူဖြစ်ခြင်း စသည်တို့ကို ဦးစားပေးလေ့ရှိ၏။

၎င်းတို့အားဖြင့် တရားဒေသနာဟော

ခြင်း၏ စစ်မှန်သော သဘောတရားသည် ကျွန်တော်တို့အလယ်၌ ပျောက်ကွယ်လျက်ရှိ၏။ တရားဟောခြင်း၏ တန်ခိုးနှင့် အပြစ်သားဖြစ်ကြောင်းကို မိမိကိုယ် မိမိသိခြင်းလည်း ကျွန်တော်တို့ အလယ်၌ ပပျောက်လျက်ရှိ၏။ ၎င်းအပြင် ခရစ်ယာန်တို့၏ အကျင့်စာရိတ္တကို မြှင့်တင်ပေးသော ကြွယ်ဝသည့်အတွေ့အကြုံဖြစ်စေ၊ စိတ်ဝိညာဉ်ကို အုပ်စိုးသော ဘုရားပေးသည့် တန်ခိုးဖြစ်စေ၊ စစ်မှန်သော တရားဟောခြင်းမှ ရရှိသော (လုပကောင်းမွန်သည့်) အသက်တာ စသည်တို့ဖြစ်စေ ဆုံးရှုံးလျက်ရှိ၏။

တရားဟောဆရာသည် စာများများဖတ်ရမည်ဟု မပြောသင့်ပေ။ အချို့ တရားဟောဆရာများသည် စာလုံးဝ မဖတ်ချေ။ အချို့သည် အနည်းငယ်သာ ဖတ်သည်။ များစွာသော တရားဟောဆရာများမှာမူ စာများများဖတ်ကြပါသော်လည်း ဘုရားသခင်မှ "လုပ်သားကောင်း" ဟု ခေါ်ထိုက်လောက်အောင် မှန်ကန်သော နည်းလမ်းဖြင့် မဖတ်ကြချေ။ (ဖတ်သော စာများသည် နှလုံးသားအတွက်မဟုတ်ဘဲ ဦးနှောက်အတွက်သာ ဖြစ်ကြသည်။) ကျွန်တော်တို့အတွက် လိုအပ်သောအရာသည် ဦးနှောက်စာပေမဟုတ်ဘဲ နှလုံးသား စာပေသာဖြစ်သည်။ ဗဟုသုတမဟုတ်ဘဲ သန့်ရှင်းသော အသက်တာပင်ဖြစ်သည်။ များစွာသိထားခြင်းထက် နှုတ်ကပတ်တော်ကို အာရုံပြုဖတ်ရွတ်ကာ ဘုရားသခင်ကို နှလုံးသွင်းခြင်း၊ သတိရှိရှိနေခြင်းနှင့် အစာရှောင်ဆုတောင်းခြင်းသည်သာ အဓိကကျသောအရာများဖြစ်ကြသည်။ ထိုအရာများ ချို့တဲ့ခြင်းသည် ကျွန်တော်တို့၏ အားနည်းချက်ဖြစ်သည်။ တရားဒေသနာဟောပြောရာ၌ ကျွန်တော်တို့အတွက် အဓိကကျသော အတားအဆီးသည် စိတ်နှလုံးပင်ဖြစ်သည်။ စိတ်နှလုံးထဲတွင် သမ္မာတရားဖြစ်သော နှုတ်ကပတ်တော်သန္ဓေမတည် မျိုးစေ့ကြဲမထားပါက ပြောသောစကားများသည် တန်ခိုးမပါ အလဟဿသာ ဖြစ်ပေလိမ့်မည်။

ချီးမြှောက်ခြင်းနှင့် အထူးအဆင့်အတန်းသာ မြှော်လင့်တောင့်တနေသော သူသည် သတင်းကောင်းကို (အရှိန်ပြင်းစွာ) မည်ကဲ့သို့ ဟောကြားနိုင်ပါမည်နည်း? ယေရှုခရစ်သည် မိမိ၏ ဂုဏ်အသရေတော်ကိုထားခဲ့ပြီး အစေခံကဲ့သို့ လာတော်မူ၏။ အစေခံကဲ့သို့နှိမ့်ချသော သဘောဖြင့် ကြွလာတော်မူသောသူ၏သတင်းကောင်းကို ဝါကြွားသော၊ အလဟဿဖြစ်သော၊ မိမိကိုယ်သာ မိမိအရေးအကြီးဆုံးဟု ထင်သောသူသည် မည်ကဲ့သို့ဟောကြားနိုင်ပါမည်နည်း? စိတ်နေသဘောထား မကောင်းသော၊ စိတ်လှုပ်ရှားလွယ်သော၊ တစ်ကိုယ်ကောင်း ဆန်သော၊ ခက်ထန်မာကြောသော၊ လောကီရေးရာကိုသာ စဉ်းစားသောသူသည် ကြာရှည်စွာ သည်းခံနိုင်သော၊ မိမိကိုယ်မိမိ ငြင်းပယ်တတ်သော၊ နူးညံ့သိမ်မွေ့သော သဘော၌ အခြေခံထားသည့် သမ္မာတရားကို မည်ကဲ့သို့ပြောနိုင်ပါမည်နည်း။

ရန်မူလိုသောသဘောနှင့် လောကကိုတပ်မက်ခြင်းသဘောမှ သီးခြား ခွဲထွက်ကာနေရန် အမိန့်တော်ကို မည်ကဲ့သို့ လိုက်လျှောက်နိုင်ပါမည်နည်း။ အငှားသိုးထိန်းကဲ့သို့ စေတနာစိတ်မပါဘဲ တာဝန်ကျေရုံ ရာထူးမက်ကာ တာဝန်ထမ်းဆောင် သောသူသည် မိမိ၏သိုးများအတွက် အသက်ပေးသော သိုးထိန်း ကောင်းဖြစ်နိုင်ရေးဒေသနာကို မည်ကဲ့သို့ ဟောနိုင်ပါမည်နည်း? သူတစ်ပါးကို (မတရားသောနည်းဖြင့်) အားကျတတ်သော၊ လစာနှင့် ငွေကြေးသာ အဓိကထားသောသူသည် မိမိ၏နှလုံးသား (အမှိုက်) ကို ရှင်းလင်းပြီး ခရစ်တော်နှင့် ပေါလုဝိညာဉ်အားဖြင့် (Wesley) ကဲ့သို့ "ဤအရာများကို မစင်နှင့် သံချေးကဲ့သို့ ငါထင်မှတ်၍ ခြေထောက်နှင့် နင်း၏။ ဤအရာများကို ငါသည် (မှန်စင်စစ် ငါမဟုတ်၊ ငါ၌ရှိသော ဘုရားသခင်၏ ကျေးဇူးတော်သည်) လမ်းပေါ်က ရွှံ့နွံကဲ့သို့ ထင်မှတ်သည်။ ထို့ကြောင့် ဤအရာများကို ငါသည် မလိုချင်တော့ပေ။ မရှာဖွေတော့ချေ။" (ဖိ ၃း၈) ဟူ၍ မပြောနိုင်သောသူသည် သတင်းကောင်းကို မည်ကဲ့သို့ဟောပြောနိုင်ပါမည်နည်း။

လူတို့၏ဗီဇပါရမီ ခွန်အားအစွမ်းအစနှင့် လူ့ယဉ်ကျေးမှုအရ ကောင်းလှသည်ဟူသော အကြံအစည်များ၊ လူ့ဦးနှောက်စွမ်းပကားမှ ပေါ်ထွက်လာသည့် အထင်ကြီးစရာဖြစ်သော အရာများကို ဘုရားသခင်၏ဗျာဒိတ်တော်သည် အလို မရှိချေ။ သို့သော် ရိုးသားဖြောင့်မတ်ခြင်း၊ နာခံလိုက်လျောတတ်ခြင်း၊ နှိမ့်ချခြင်းသဘောနှင့် ကလေးကဲ့သို့ ယုံကြည်ခြင်းကိုသာလိုအပ်သည်။

ရှင်ပေါလုကို တမန်တော်များနှင့် တန်းတူရည်တူဖြစ်စေသော အရာသည် အသိဉာဏ်နှင့် ပါရမီအစွမ်းအစများကို ကောင်းကင်ဆိုင်ရာဝိညာဉ် တန်ခိုးတော် လက်အောက်ခံအဖြစ် လက်မြှောက်ဆက်ကပ်ခြင်း သဘောပင်ဖြစ်သည်။ ၎င်းသည်ပင်လျှင် ဆရာကြီး (Wesley) အား တန်ခိုးရစေသည့် အရာမဟုတ်ပေဘူးလား?

ကျွန်တော်တို့၏ အဓိကအကျဆုံး လိုအပ်သောအရာသည် နှလုံးသားပြင်ဆင်မှုပင်ဖြစ်လေသည်။ ၎င်းကို ဆရာ၏ကြီး (Luther) သည် "နဂိုမှန်အဆို" အဖြစ် လက်ကိုင်ထားခဲ့ရာ "ကောင်းမွန်စွာ ဆုတောင်းသောသူသည် ကောင်းမွန်စွာ သင်ယူလေ့လာသောသူဖြစ်သည်" ဟူ၍ ပြောလေ့ရှိသည်။ လူသည် မိမိစိတ်၊ အသိဉာဏ်ကို မသုံးရဟု ဆိုလိုခြင်း မဟုတ်ပေ။ မိမိ၏ နှလုံးသား (လယ်ကွင်း) ကို ကျေညက်အောင် ထွန်ယက်သောသူသည် မိမိ၏ အသိဉာဏ်ကို အကျိုးရှိအောင် အသုံးပြုတတ်သောသူ ဖြစ်ပေလိမ့်မည်။ တရားဟောဆရာများသည် ကျောင်းသား မဖြစ်ရဟူ၍လည်း မဆိုလို။ သို့သော် ၎င်းတို့အများဆုံး ဖတ်ရွတ်လေ့လာသောစာသည် ကျမ်းစာဖြစ်သင့်သည်။ မိမိစိတ်ကိုနိုင်လျက် လုံ့လ၊ ဝီရိယရှိသောသူသည် ကျမ်းစာကို ဖတ်ရွတ်လေ့လာရာ၌ အတော်ဆုံးသောသူဖြစ်သည်။ တရားဟောဆရာသည်လူကို ဂရုစိုက်ရန် မလိုဟူ၍ ပြောလိုခြင်း မဟုတ်ပေ။ မိမိနှလုံး

သား၏ နက်ရှိုင်းမှုနှင့် သိမ်မွေ့မှုကို မှန်ကန်စွာ တိုင်းတာ ချင့်ချိန်တတ်သောသူသည် လူ့သဘော၊ သဘာဝ၊ ဗဟုသုတကို ပိုင်နိုင်ကျွမ်းကျင်သောသူဖြစ်ပေသည်။

တရားဒေသနာ ရေစီးလမ်းကြောင်းသည် စိတ် (Mind) ဖြစ်လျက် ၎င်းစမ်းရေ၏ ဇစ်မြစ်၊ အဝီစိတွင်းသည် နှလုံးသား (Heart) ဖြစ်သည်။ ရေစီးလမ်းကြောင်းကို ချဲ့ထွင်ပါသော်လည်း၊ အဝီစိရေတွင်းကို ပြုပြင်စောင့်ထိန်းခြင်း မပြုပါက ရေမရဘဲ ခြောက်ကပ်သွားနိုင်သည်။ အသိဉာဏ်ရှိသော လူအားလုံးနီးပါး တရားဟောတတ်သော်လည်း ကျေးဇူးတော်ကို ခံစားသဘော ပေါက်သောသူသည် နည်းပါးသည်။

မိမိနှလုံးသားနှင့်လုံးပန်းပြီး အနိုင်ရသောသူသည် နိမ့်ချခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာ၊ သမ္မာတရား၊ သနားကြင်နာခြင်း၊ ငဲ့ညှာခြင်းနှင့် လုံ့လ ဝီရိယရှိသောသူအပြင် သူတစ်ပါးကို သင်ပြနိုင်သောသူလည်းဖြစ်သည်။ ၎င်းအပြင် ထိုသူသည် မိမိနှလုံးသားကို သတင်းကောင်းတန်ခိုးဖြင့် (ဘက်ထရီကဲ့သို့) အားသွင်းထားသူဖြစ်သောကြောင့် လူ့နှလုံးသား၏ ဘဏ္ဍာတိုက်ကို တရားနာပရိသတ်၏ နှလုံးထဲ၌ မှောက်သွန်လောင်းချနိုင်သော အစွမ်းရှိ၏။ ထိုကဲ့သို့သော တရားဟောဆရာသည် မိမိအရှင်သခင်၏အမြင်၌ အစစ်မှန်ဆုံးနှင့် အအောင်မြင်ဆုံးသော တရားဟောဆရာဖြစ်ပေသည်။

နှလုံးသားသည် ဤလောက ကယ်တင်ရှင်ဖြစ်သည် (The heart is the savior of the world)။ ဦးခေါင်း (ဦးနှောက်) သည် မကယ်တင်နိုင်။ ဗီဇ ပါရမီ၊ ဦးနှောက်၊ ကိုယ်စွမ်းကိုယ်စ၊ အားအင်ခွန်အားနှင့် သဘာဝဆုကျေးဇူးများသည်လည်း ကယ်တင်ခြင်း မပေးနိုင်ပါ။ သတင်းကောင်းသည် နှလုံးသားမှတဆင့်(အားဖြင့်)စီးဆင်းလာ၏။ (ဤကမ္ဘာ၌) အကြီးမားဆုံးသော စွမ်းပကားသည် နှလုံးစွမ်းပကားပင်ဖြစ်သည်။ အချိုမြိန်ဆုံးနှင့် ချစ်ဖွယ်အကောင်းဆုံးသော ကျေးဇူးတော်သည်လည်း နှလုံးကျေးဇူးတော်(heart grace) ဖြစ်သည်။ မွန်မြတ်သောနှလုံးသားသည် ဘုရားသခင်ကဲ့သို့သော အကျင့်စာရိတ္တကို မွေးဖွားသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ချစ်ခြင်းမေတ္တာထက် ကြီးမားသောအရာမရှိ။ ဘုရားသခင်ထက်သာ၍ ကြီးသောအရာလည်းမရှိပါ။

နှလုံးသားသည် ကောင်းကင်ဘုံကို ဖန်တီး၏။ ကောင်းကင်ဘုံသည် ချစ်ခြင်းမေတ္တာဖြစ်သည်။ ကောင်းကင်ဘုံထက်သာ၍မြင့်သော၊ သာ၍ချိုမြိန်သော အရာမရှိ။ ဘုရားသခင်အတွက် ကြီးမားသော တရားဟောဆရာများ ဖန်တီး ပြုလုပ်ပေးသောအရာသည် ဦးနှောက်မဟုတ်။ နှလုံးသားဖြစ်သည်။ ခရစ်ယာန်တို့၏လောက၌ နှလုံးသားသည် ဘက်စုံအရေးပါ၏။ ပလ္လင်ပေါ်မှ ဟောသောတရားဒေသနာသည် နှလုံးသားဟောသော တရားဒေသနာဖြစ်ရမည်။ ထိုင်၍ နားထောင်နေသော ပရိသတ်ကလည်း နှလုံးသားဖြင့်နားထောင်ရမည်။ အကယ်စင်စစ် ဘုရားသခင်ကို ကျွန်တော်တို့၏နှလုံးသားအားဖြင့် သာအစေခံကာ အလုပ်အကျွေးပြုရမည်။ ဦးခေါင်းအားဖြင့် ဂါရဝပြု ရှိခိုးခြင်းသည် ကောင်းကင်ဘုံ မီးစက်ကို မလည်စေနိုင်၍ မလင်းစေနိုင်ပါ။

ယနေ့ခေတ်သစ် ဘုရားကျောင်းပလ္လင်များ၏ အကြီးမားဆုံးနှင့် အများဆုံးသော အမှားသည် တရားဟောရာ၌ ဆုတောင်းခြင်းထက် လူ့အကြံအစည်ကို ဦးစားပေးခြင်း၊ နှလုံးသားထက် ဦးနှောက်ကို ပိုမိုအသုံးပြုခြင်းစသည် တို့ပင်ဖြစ်သည်ဟု ကျွန်တော်တို့ယုံကြည်သည်။ ကြီးမားသော နှလုံးသားသည် ကြီးမားသော တရားဟောဆရာကို ဖန်ဆင်းသည်။ ကောင်းသော နှလုံးသားသည် ကောင်းသော တရားဟောဆရာကို ဖန်ဆင်းသည်။ နှလုံးသား (ခြံစည်းရိုး) ကို ချဲ့ထွင်လျက် နှလုံးသား (ခြံမြေ) ကို ကျေညက်အောင် ထွန်ယက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဓမ္မကျောင်းများဖွင့်ထားခြင်းသည် သတင်းကောင်း၏ ရွှေဆန္ဒတော် (သို့မဟုတ်) အနှစ်သာရဖြစ်သည်။

တရားဟောဆရာသည် မိမိ၏အသင်းသားများကို မိမိဘက်ပါအောင် ချည်နှောင်ပြီး၊ နှလုံးသားဖြင့် အုပ်ချုပ်လျက်ရှိ၏။ ပရိသတ်သည် သူ၏ဆုကျေးဇူးတော်များကို အထင်ကြီးကောင်းကြီးပေလိမ့်မည်။ သူ၏ အရည်အချင်းကို ကြွားကောင်း ဝါကြွားကြပေလိမ့်မည်။ သူဟောသော တရားဒေသနာသည် ပရိသတ်၏နှလုံးသားကို ယာယီအားဖြင့် တို့ထိကောင်းတို့ထိပေလိမ့်မည်။ သို့သော် တရားဟောဆရာ၏ တန်ခိုးမြို့ရိုးသည် သူ၏နှလုံးသားဖြစ်သည်။ သူ၏လက်ကိုင်တုတ်ချောင်းသည် ချစ်ခြင်းမေတ္တာဖြစ်သည်။ သူ၏တန်ခိုးပလ္လင်တော်သည် မိမိ၏နှလုံးသားပင်ဖြစ်သည်။

ကောင်းသောသိုးထိန်းသည် မိမိအသက်ကို သိုးများအတွက်ပေး၏။ ဦးနှောက်စဉ်းစားဉာဏ်သည် အသက်ပေးရဲလောက်အောင် သတ္တိမရှိချေ။ ချစ်ခြင်းမေတ္တာနှင့် သစ္စာရှိခြင်းကြောင့် သူတစ်ပါးအတွက် အသက်ပေးရဲသော သတ္တိသည် နှလုံးသားမှထွက်လာ၏။ ဆုကျေးဇူးများနှင့်ပါရမီသည် သတ္တိရှိကောင်းရှိပေလိမ့်မည်။ သို့သော် ထိုအရာတို့သည် ဦးနှောက်မှလာသောအရာများ မဟုတ်ဘဲ နှလုံးသားမှလာသော အရာများဖြစ်ပေသည်။

နှလုံးသားကိုပြင်ဆင်ခြင်းထက် ဦးနှောက်ကိုဖြည့်ဆည်းခြင်းကသာ ပို၍လွယ်၏။ ဦးနှောက်မှ တရားဒေသနာပြင်ဆင်ခြင်းသည် နှလုံးသားမှပြင်ဆင် ခြင်းထက် သာ၍လွယ်၏။ ဘုရားသခင်၏သားတော်ကို ကောင်းကင်ဘုံမှ ဆွဲချနိုင်သောအရာသည် နှလုံးသား (heart) ပင်ဖြစ်သည်။ လူသားများကို ကောင်းကင်ဘုံ ရောက်စေနိုင်သောအရာသည်လည်း နှလုံးသားပင်ဖြစ်သည်။

*(နောက်လဆက်ဖတ်ရန်)*

***(E.M: Boundsဆုတောင်းခြင်း၏ တန်ခိုး စာအုပ် အခန်း (၉)မှ ကောက်နှုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။)***